

# ဥပဒေသ # ၁

Business or Medium လား ?

အင်တာနက်မှာ ဘရန်းတစ်ခု တည်ဆောက်ဖို့ဆိုတာ..

အင်တာနက်ကို စီးပွားရေးလုပ်ငန်းတစ်ခု အနေနဲ့သုံးမှာလား ? ဒါမှမဟုတ်
ကြော်ငြာဖို့အတွက် ကြားခံဆက်သွယ်ရေးလမ်းကြောင်းတစ်ခု အဖြစ်ပဲ သုံးနေတာလား
ဆိုတာ သိရမယ်။

# ဥပဒေသ # ၂

အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်း (Interactivity) ဆိုတာ
အင်တာနက်စီးပွားရေးမှာ အရေးကြီးတယ်။

Interactivity မရှိပဲနဲ့ ဘရန်းတစ်ခု မရနိုင်ဘူး။

Interactivity မရှိရင် ဘရန်းတစ်ခုက လူသားမဆန်ဘူး။

# ဥပဒေသ # ၃

ယေဘူယျဆန်တဲ့ နာမည်၊စကားလုံး မသုံးမိစေနဲ့။

ဘရန်းဆိုတာ နာမည်ကောင်းပဲ။ နာမည်မပေးတတ်ရင် ဘရန်းကောင်းတစ်ခု မဖြစ်နိုင်ဘူး။

# ဥပဒေသ # ၄

နာမည်ပေးရာမှာ လိုက်နာသင့်တဲ့အချက် (၇) ချက်

အင်တာနက်မှာ ကိုယ့်စီးပွားရေးကို ညွှန်းရင် လုပ်ငန်းနာမည်နဲ့ညွှန်းရတယ်။
ဒါကြောင့် အင်တာနက်မှာ နာမည်တစ်လုံးဆိုတာ နေရာကောင်းတစ်ခုလိုပဲ
အင်မတန်အဖိုးတန်တယ်။



# ဥပဒေသ # ၅

အင်တာနက်မှာ တစ်ဦးတည်းကြီးစိုးခြင်း( Singularity ) မူဝါဒကြီးစိုးတယ်။

ကိုယ်ကြီးစိုးနိုင်မယ့်နယ်ပယ်တစ်ခုကို ရှာပါ။ မရှိရင် ဖန်တီးပါ။

# ဥပဒေသ # ၆

အင်တာနက်စျေးကွက်မှာ ပျံ့နှံ့စေခြင်းဆိုတာ ကြော်ငြာခြင်းထက်ပိုထိရောက်တယ်။

ကြော်ငြာတစ်ခုက စျေးကွက်ထဲမှာ ရှိပေမယ့် လူတွေမကြည့်၊ လူတွေရဲ့စိတ်ထဲလဲ မရောက်ရင်
ဖွတ်မရဓားဆုံး၊ ငွေကုန်လူပန်းဖြစ်တာပဲ။
ဒါကြောင့် .... ကြော်ငြာခြင်းထက် ပျံ့နှံ့စေပါ။

# ဥပဒေသ # ၇

ကုန်ပစ္စည်းဆိုတာ လက်တွေ့ဖြစ်ရပ်မှန် (Reality) ကိုအခြေခံပြီး၊
ဘရန်းဆိုတာကတော့ စိတ်အမြင် (Perception) ကို အခြေခံတယ်။

ဘရန်းတည်ဆောက်ရေးမှာ အင်မတန်မှ အရေးကြီးတဲ့ အတွေးအခေါ်တစ်ရပ်ဖြစ်ပါတယ်။

# ဥပဒေသ # ၈

အင်တာနက်စီးပွားရေးမှာ နာမည်တစ်လုံးတည်ဆောက်ဖို့အတွက် "F" သုံးလုံး အရေးကြီးတယ်။

အင်တာနက်စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်ဖို့ဘာလုပ်ရမလဲ၊ တစ်ခုတည်းဖြေပါ
လို့ကျွန်တော့်ကိုမေးရင် ကျွန်တော် ဖြေမယ့် အဖြေသည် ဒီ "F" သုံးလုံးပဲဖြစ်ပါတယ်။

# ဥပဒေသ # ၉

ဘရန်းဘဝင်မမြင့်နဲ့။

ဘရန်းတစ်ခုပေါက်ပြီး လုပ်ငန်းတစ်ခု အောင်မြင်လာရင် ..နောက်ထပ်လုပ်ငန်းတစ်ခုမှာလဲ ဒီဘရန်းကိုသုံးရင် အောင်မြင်လိမ့်မယ်လို့ထင်တာ ဘရန်းဘဝင်မြင့်ခြင်းပါပဲ။

# ဥပဒေသ # ၁၀

## ဘရန်းဖြာထွက်ခြင်း နှင့် ပေါင်းစုခြင်းနိယာမ

ဘရန်းဆိုတာ ဖြာထွက်လို့ရပါတယ်။ ဒါကို Divergence လို့ခေါ်ပါတယ်။ ဒါပေမယ့် ပေါင်းစုလို့မရဘူး။

# ဥပဒေသ # ၁၁

## ပြောင်းလဲခြင်း နိယာမ

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အင်တာနက်ဆိုတာ
လူတော်တော်များများရဲ့လူနေမှုပုံစံကို ပြောင်းလဲပစ်မှာ အမှန်ပါပဲ။